မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail :
blcsan@ksc.th.com; Website : www. blc-burma.org

# ရခိုင်ပြည်နယ်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဥက္ကဌ ဦးကျော်ခိုင် ကို ပြစ်ဒဏ်စီရင်လိုက်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်းဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

## ၁။ဖြစ်စဉ်အကျဉ်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ခိုင်သည်၊ ရခိုင်ပြည်နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဥက္ကဌဖြစ်ကာ၊ တောင်ဂုတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဌ တာဝန်ကိုပါ ထမ်းဆောင်နေသူဖြစ်ပြီး၊ အသက် ၈၇ နှစ်အရွယ်ရှိပြီးဖြစ်ကြောင်းသိရှိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ၊ ဦးသန်းဖေ ၏ အဖွဲ့ချုပ်စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိသော၊ လူမှုအထောက်အကူပြုအဖွဲ့ရံပုံငွေကောက်ခံမှုကို ဦးကျော်ခိုင်မှ တားမြစ်ခဲ့ခြင်းနှင့်အတူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ဦးသန်းဖေ အား အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်လိုက် ကြောင်းသိရှိရကာ၊ ယင်းဖြစ်ရပ်ကို အခြေခံလျက် ဦးသန်းဖေက ဦးကျော်ခိုင်ကို မကျေနပ်သော ကြောင့် တောင်ကုတ်မြို့နယ် တရားရုံးတွင် အသရေဖျက်မှုဖြင့် တရားစွဲဆိုရာမှ ပေါ်ပေါက်လာသောအမှုဖြစ် ကြောင်းသိရှိရသည်။[1]

## ၂။ဥပဒေရေးရာသုံးသပ်ချက်

တစ်စုံတစ်ယောက်ကို အသရေဖျက်သည်ဆိုရာတွင် - အောက်ပါအချက်များမှာ အသရေဖျက်ခြင်းမှ ကင်းလွတ်ခွင့်ရသည့်အချက်များဖြစ်သည်ဟု ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၄၉၉ တွင် အတိအလင်း ပြဌာန်းထားပါ သည်။ ၎င်းတို့မှာ-

**(က) တစုံတယောက်သောသူက အခြားသူတစုံတယောက်အပေါ်တွင် အစိုးရသည့် အခွင့်အာဏာကို တရားဥပဒေအရ ရရှိသည်ဖြစ်စေ၊ မိမိတို့အချင်းချင်းတရားသဖြင့် ပြုလုပ်သည့် ပဋိညာဉ်အရ ရရှိသည်ဖြစ်စေ၊ တရားသဖြင့် အစိုးရသည့် အခွင့်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများတွင်လည်းကောင်း၊ အခြားသူအကျင့် အမှု နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အခွင့်အာဏာရသူက ရိုးဖြောင့်သော သဘောနှင့် တစုံတရာအပြစ်တင်ခြင်းသည် အသရေဖျက်မှုမမည်။**

**(ခ) စွပ်စွဲသည့်အကြောင်းအရာနှင့် သပ်လျဉ်း၍ တဦးတယောက်သောသူအပေါ်၌ ဥပဒေနှင့်အညီ အခွင့် အာဏာရှိသောသူအား ထိုတဦးတယောက်အကြောင်းကို သဘောရိုးဖြင့် ပြောဆိုစွပ်စွဲခြင်းသည် အသရေဖျက်မှု ဖြစ်သည်မမည်။**

**(ဂ) အခြားသူတစ်ယောက်၏ အကျင့်စာရိတ္တကို ထိခိုက်အောင်စွပ်စွဲရာ၌ စွပ်စွဲသူက သဘောရိုးဖြင့် မိမိ၏ အကျိုးကိုသော်လည်းကောင်း၊ကာကွယ်စောင့်ရှောက်ရန်စွပ်စွဲခြင်းသည်၊ သို့တည်းမဟုတ် အများပြည်သူ၏ အကျိုး အတွက် စွပ်စွဲခြင်းသည် အသရေဖျက်မှုဖြစ်သည်မမည်။**

[1] 13.7.2009 DVB

**(ဃ) အခြားသူတဦးတယောက်အကြောင်းနှင့်စပ်လျဉ်း၍ တဦးတယောက်သောသူအား သတိပေးရာတွင် သတိပေးသူက သတိပေးခြင်းခံရသူ၏ အကျိုးအတွက်သော်လည်းကောင်း၊ ထိုသူကအကျိုးလိုလားသောသူ၏ အကျိုးအတွက်သော်လည်းကောင်း၊ အများပြည်သူ၏ အကျိုးအတွက်သော်လည်းကောင်း ရည်ရွယ်၍ သဘောရိုးဖြင့်သတိပေးခြင်းဖြစ်လျှင်၊ အသရေဖျက်မှုဖြစ်သည်မမည်။**

- ဟူ၍ အသရေဖျက်မှု နှင့် ပတ်သတ်သည့် ပုဒ်မ- ၄၉၉ ပြဌာန်းချက်အောက်တွင် အထက်ဖော်ပြပါ ကင်းလွတ်ချက်များအရ ပြုမူဆောင်ရွက်ချက်များသည် အသရေဖျက်မှုမမြောက်ကြောင်း အတိအလင်းပြဌာန်းထားပါသည်။

ဦးကျော်ခိုင်သည်၊ ရခိုင်ပြည်နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ ဥက္ကဌဖြစ်သည့်အပြင်၊ တောင်ကုတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဌလည်းဖြစ်သောကြောင့် တောင်ကုတ်မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တစ်ဦးဖြစ်သူ ဦးသန်းဖေ ၏ ပြုမူဆောင်ရွက်ချက်များသည် အဖွဲ့ချုပ်စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်မှုမရှိသဖြင့် တာဝန်အရ တားမြစ်ခြင်း၊ ပြောဆိုခြင်း၊ အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ အသိပေးအကြောင်းကြားခြင်း၊ မိမိအဖွဲ့ဝင်များကို အသိပေး ပြောဆိုခြင်းသည် အထက်ဖော်ပြပါ ကင်းလွတ်ချက်များအရ အသရေဖျက်မှုမမြောက်ကြောင်းထင်ရှားသည်။

ထို့ပြင် ဦးသန်းဖေ ၏ ပြုမူဆောင်ရွက်ချက်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းများ နှင့်ညီညွတ်မှုမရှိသောကြောင့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှလည်း ဦးသန်းဖေကို အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ပြီးသား ဖြစ်နေသည့်အချိန်တွင်ဥက္ကဌ ဦးကျော်ခိုင်၏ ဦးသန်းဖေအပေါ် ပြောဆိုတားမြစ်မှုများမှာ အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်ဗဟိုမှ လက်ခံနိုင်သောအမှန်တရားများဖြစ်သည်ဟု စစ်ဆေးစီရင်သည့် တရားရုံးတော်ကမှတ် ယူရမည်သာဖြစ်သည်။

ဦးကျော်ခိုင်နှင့် ဦးသန်းဖေတို့ဖြစ်ကြသည့် အမှုကိစ္စသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် လူမှုထောက်ကူပြုအဖွဲ့အတွက် အလှူငွေကောက်ခံခြင်းအပေါ်တွင် အခြေခံထားခြင်းဖြစ်သောကြောင့် အများပြည်သူနှင့်သက်ဆိုင်သော အကြောင်းအရာဖြစ်သည်ဟုမှတ်ယူရမည်ဖြစ်ကာ၊ ဦးကျော်ခိုင်၏ ပြောဆိုတားမြစ်ခြင်းမှာလည်း ဦးသန်းဖေ၏ အကျိုးဖြစ်ထွန်းရာဖြစ်ထွန်းကြောင်းကိုပြောဆိုတားမြစ်ခြင်းသာ ဖြစ်သောကြောင့် အသရေဖျက်မှုပြစ် ဒဏ်သတ်မှတ်သည့်ပုဒ်မ- ၅၀၀၏ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ် (၂) နှစ်ချမှတ်လိုက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိသည့်အပြင်တရားမျှတမှုလည်းမရှိကြောင်းတွေ့ရသည်။

ထို့ပြင် ဦးကျော်ခိုင်သည် အသက် (၈၇) နှစ်ဖြစ်သည့်အတွက် ဘဝ၏ ဇရာနိဂုံးပိုင်းသို့ရောက်ရှိနေသူ တစ်ဦးဖြစ်ကာ ကျန်းမာရေးမှာလည်းအလွန်အမင်းဆိုးရွားနေသည်ဖြစ်၍ အထက်ပါကဲ့သို့ပြစ်ဒဏ်ချမှတ်လိုက်ခြင်းမှာမှန်ကန်မျှတသည့်ပြစ်ဒဏ်စီရင်မှုမျိုးမဟုတ်သည့်အပြင်တရားဥပဒေစိုးမိုးမှုမရှိဘဲအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များအပေါ်တွင်အဃာတတရား၊အမုန်းတရားများဖြင့်စစ်ဆေးစီရင်မှုဖြစ်သည်မှာ ထင်ရှားလျက်ရှိကြောင်းကို ဥပဒေရေးရာသုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

၁၇.၇.၂၀၀၉

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရွှေ့နေများကောင်စီ

အသေးစိတ်သိရှိလိုပါလျှင်-
ဦးမျိုး
တာဝန်ခံ၊ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့၊ ဖုန်း-၀၈၆၂၁၆၀၁၀၈